# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

## နိုင်ငံခြားသားများ ဗီဇာသက်တမ်းတိုးထောက်ခံချက်ရရှိနိုင်ရေးနှင့်စပ်လျဥ်း၍ ကြေညာချက်

၁။ နိုင်ငံခြားသား ဗီဇာသက်တမ်းတိုးရန်တင်ပြသည့် ကုမ္ပဏီသည် မှတ်ပုံတင် ကာလ ၁ နှစ် ပြည့်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။

၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် ဆိုင်းငံ့ခြင်း (Suspended)၊ ပယ်ဖျက်ခြင်း (Struck-off) ခံရသော ကုမ္ပဏီများသည် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးနောက် ၁ နှစ် ကြာပြီးမှသာ သက်တမ်းတိုးထောက်ခံခြင်းများအား ဆက်လက် လက်ခံဆောင်ရွက်ပေးမည်။

၃။ ကုမ္ပဏီမှ ဗီဇာသက်တမ်းတိုး ထောက်ခံချက်ရယူလိုသည့် နိုင်ငံခြားသားများအတွက် ၎င်း၏ ဗီဇာသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက် ၉၀ မှ ၁၂၀ အတွင်း ကြိုတင်လျှောက်ထားရမည်။ နိုင်ငံခြားသား၏ နိုင်ငံကူးလက်မှတ်သက်တမ်းသည် အနည်းဆုံး ၆ လ သက်တမ်း ကျန်ရှိရမည်။

၄။ နိုင်ငံခြားသား ဗီဇာသက်တမ်းတိုးလျှောက်ထားရန်အတွက် ကုမ္ပဏီသည် အောက်ဖော်ပြပါ အထောက်အထားများကို တင်ပြနိုင်ရမည်-

(က) ကုမ္ပဏီ၏ အချက်အလက်အကျဉ်းချုပ် (Updated Company Extract Form)၊

(ခ) ကုမ္ပဏီ၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း၊ (လိုင်စင်(License)/ ပါမစ် (Permit)/လုပ်ငန်းအထောက်အထား(Evidence from Government Agency), လုပ်ငန်းစာချုပ်(Business Contract with Other Related Organization (if Any))

(ဂ) ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ နိုင်ငံခြားသားနှင့် ပတ်သက်၍ တာဝန်ယူကြောင်း ခံဝန်ချက် တင်ပြစာ၊

(ဃ) ကုမ္ပဏီသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်များအတွက် အခွန် ထမ်းဆောင်ပြီးမှုနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အခွန်ထမ်းဆောင်ပြီးမှု (သို့မဟုတ်) စာရင်းစစ် အစီရင်ခံစာ (သို့မဟုတ်) ကြိုတင်ဝင်ငွေခွန် ထမ်းဆောင်ထားသည့် အထောက်အထား (ရှိလျှင်) တင်ပြရမည်၊

(င) သက်ဆိုင်ရာနိုင်ငံခြားသား၏ ၆ လအတွင်း ရိုက်ကူးထားသည့် (2"x 1.5") အရွယ် ထင်ရှားသည့်ဓာတ်ပုံ၊ ပညာအရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှု၊ ပြည်ပတွင် နေထိုင်သည့် အမြဲတမ်း နေရပ်လိပ်စာ (ပြည်တွင်းတွင် နေထိုင်သည့် နေရပ်လိပ်စာ) တို့ပါဝင်သည့် CV Form ၊ (ပူးတွဲပါ ပုံစံ၏ အချက်အလက် အပြည့်အစုံဖော်ပြရန်)

(စ) နိုင်ငံခြားသားဝန်ထမ်း၏ ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်သည့် ရာထူးနှင့် လုပ်ငန်း တာဝန်များ TOR (Terms of Reference) ၊

(ဆ) ကုမ္ပဏီတွင်ခန့်ထားသည့် နိုင်ငံခြားသား၏ အလုပ်ခန့်စာချုပ်နှင့် ပညာရေး အထောက်အထား၊

(ဇ) ပြည်တွင်းနေရပ်လိပ်စာ အပြောင်းအလဲရှိပါက ဌာနသို့အကြောင်းကြားရန်၊

(ဈ) နိုင်ငံခြားသားအနေဖြင့် ဒုတိယအကြိမ် သက်တမ်းတိုးတင်ပြပါက အဆိုပါပုဂ္ဂိုလ်၏ တာဝန်ထမ်းဆောင်ခဲ့ပြီးသည့် ကာလများ၏ လစာဝင်ငွေခွန် ထမ်းဆောင်ပြီးသည့် အထောက်အထား၊

(ည) ကုမ္ပဏီတွင် ဝန်ထမ်းခန့်ထားမှုအခြေအနေ (နိုင်ငံခြားသား/ နိုင်ငံသား) အမည်၊ ရာထူး၊ နိုင်ငံကူးလက်မှတ်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ဖုန်းနံပါတ်၊

(ဋ) မိသားစုဝင်များအနေဖြင့် (ဇနီး/ ခင်ပွန်း/ သား/ သမီး) တို့၏ အထောက်အထား နိုင်လုံစွာ ပူးတွဲတင်ပြပါ။

၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်/ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီများအနေဖြင့် MOVAS (http://movas.dica.gov.mm/) တွင်သာလျှောက်ထားရမည်။ အွန်လိုင်း ဗီဇာသက်တမ်းတိုးထောက်ခံချက် (Recommendation Letter For Visa Extension) (https://visaonline.dica.gov.mm/) သို့ လာရောက် လျှောက်ထားပါက လက်ခံဆောင်ရွက်မည် မဟုတ်ပါ။

၆။ ဤကြေညာချက်သည် ၁၄-၉-၂၀၂၂ ရက်နေ့မှ စတင်ပြီး သက်ရောက်မှုရှိသည်။

(ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် တင်ပြလာသော ဗီဇာကိစ္စအပေါ် လိုအပ်သော စိစစ်မှုများ ဆောင်ရွက်သော်လည်း လက်ရှိချမှတ်ထားသော မူဝါဒများနှင့် ကိုက်ညီမှုမရှိပါက ယင်းလျှောက်ထားခြင်းကို ငြင်းပယ်နိုင်သည်။)

**Directorate of Investment and Company Administration**

**Announcement for Recommendation of Foreigners' Visa Extension**

1. A company which applies recommendation to extend foreigners' visa must be a company whose registration period has been completed for 1 year.
2. Suspended and Struck-off companies due to failure to comply with Myanmar Companies Law (2017) will continue to accept recommendation for visa extension only after 1-year compliance.
3. Foreigners from the company who wish to obtain recommendation for visa extension must apply at least 90 to 120 days prior to their expiration. The foreigner's passport must be valid for at least 6 months.
4. In order to apply recommendation for foreigner's visa extension, the company must be able to present the following documents-
   (a) Updated Company Extract Form,
   (b) Evidence of company's current operations, (License/Permit/Evidence from Government Agency, Business Contract with Other Related Organization (if Any))
   (c) Proclamation of the company's board of directors regarding the foreigner
   (d) Company must submit tax returns or audit reports for fiscal years 2020-2021 and fiscal years 2021-2022 and fiscal years 2022-2023, or proof of prior income tax payments (if applicable),
   (e) CV Form of the relevant foreigner including a prominent (2"x 1.5") size photograph taken within 6 months, education, experiences and permanent foreign address (domestic/local address)
   (See attached form for full details)
   (f) Terms of Reference (TORs)/Job description for the foreign employee's position and duties in the company,
   (g) Employment contract and foreigner's education certificate/ qualifications
   (h) To inform DICA in case of change of local address of the foreigner
   (i) If a foreigner submits a second extension, evidence of his income tax payment for the periods he/ she has served must be presented.
   (j) Number of employees in company (foreigner/citizen) including name, passport number/ national registration card number, phone number

(k) Evidence of kinship must be attached for family members (wife/husband/son/daughter) of relevant foreigner.

5. Companies operating under Myanmar Investment Commission Permit/ Endorsement must apply only at MOVAS (http://movas.dica.gov.mm/). If you apply for an online visa extension recommendation at https://visaonline.dica.gov.mm/, it will not be accepted.
6. This announcement is effective from 14-9-2022.

(Although the Directorate of Investment and Company Administration conducts necessary verifications on the submitted visa case, the application can be rejected unless it conforms with the existing policies.)